# အဏ္ဏဝါထိန်းသိမ်းရေးနယ်မြေဆိုတာ ဘာလဲ

အဏ္ဏဝါထိန်းသိမ်းရေးနယ်မြေတွေဆိုတာ လူသားတွေရဲ့ လုပ်ရပ်တွေကို ဥပဒေစည်းမျဉ်းတွေနဲ့ ကန့်သတ်ထားတဲ့ ပင်လယ်ပြင် ဒါမှမဟုတ် ကမ်းရိုးတန်းက နေရာဒေသတွေကို ခေါ်တာပါ။ သဘာဝအရင်းအမြစ်၊ ဒါမှမဟုတ် ယဉ်ကျေးမှုဆိုင်ရာ အရင်းအမြစ်တွေ ဖယ်ရှားဖျက်ဆီးခြင်း မခံရစေဖို့အတွက် ဒီလို ကန့်သတ်ထားတာ ဖြစ်ပါတယ်။

ဥပမာ - တောရိုင်းတိရိစ္ဆာန်တွေအတွက် လုံခြုံဘေးကင်းတဲ့ ရပ်ဝန်းဖြစ်စေဖို့ သတ္တုတူးဖော်မှုကို တားမြစ်တာတွေ၊ ငါးဖမ်းတာကို ကန့်သတ်ထားတာတွေ၊ အရင်းအမြစ်တွေကို ထုတ်ယူခြင်း၊ ယူဆောင်သွားခြင်း မလုပ်ရတဲ့ ဇရိယာသတ်မှတ်ထားတာတွေ ပါဝင်ပါတယ်။။

မြန်မာနိုင်ငံမှာဆိုရင် ဒီနယ်မြေတွေဟာ မျိုးသုဉ်းလုနီးဖြစ်နေတဲ့ ဇီဝမျိုးစိတ်တွေရဲ့ အိမ်တွေ ဖြစ်ပြီး အဲဒီမှာ သန္တာကျောက်တန်းတွေ၊ ဒီရေတောတွေစတဲ့ အရေးကြီး အဏ္ဏဝါဂေဟစနစ်တွေ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နေပါတယ်။




## မြန်မာနိုင်ငံရှိ အဏ္ဏဝါထိန်းသိမ်းရေးနယ်မြေများ

၁။ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ် (မြိတ်ကျွန်းစု)
၂။ နံ့သာကျွန်းအဏ္ဏဝါအမျိုးသားဥယျာဉ် (ရခိုင်)
၃။ မော့စ်ကော့ကျွန်း တောရိုင်းတိရိစ္ဆာန်ဘေးမဲ့တော (တနင်္သာရီ)
၄။ မိန်းမလှကျွန်း တောရိုင်းတိရိစ္ဆာန်ဘေးမဲ့တော (ဧရာဝတီ)
၅။ သမီးလှကျွန်း တောရိုင်းတိရိစ္ဆာန်ဘေးမဲ့တော (ဧရာဝတီ)
၆။ Thor Heyerdahl ဥတုထိန်းသိမ်းရေးဥယျာဉ် (ဧရာဝတီ)

တို့ပင်လယ်တွေ ကျန်းမာသန့်စင်စေဖို့၊ ပင်လယ်နေ အဏ္ဏဝါဇီဝမျိုးစိတ်တွေ ဘေးကင်းစေဖို့၊ တို့ရဲ့ ဒေသခံလူ့အဖွဲ့အစည်းတွေနဲ့ သူတို့ရဲ့ အသက်မွေးလုပ်ငန်းတွေအတွက် ကောင်းမွန်တဲ့ အနာဂတ်ကို ဖော်ဆောင်ဖို့အတွက်ဆိုရင်  နနယ်တဲ့ အဏ္ဏဝါဂေဟစနစ်တွေကို ဂရုတစိုက် စီမံခန့်ခွဲဖို့ အလွန်အရေးကြီးပါတယ်။



# တာဝန်သိ ပင်လယ်ခရီးသွား တစ်ယောက်ဖြစ်စေဖို့

## တောရိုင်းတိရိစ္ဆာန်လေးတွေနဲ့ ဆိုရင် ...

- သူတို့တွေကို နှောင့်ယှက်တာ၊ အစာကျွေးတာတွေ မလုပ်ပါနဲ့
- မျိုးသုဉ်းလုနီး မျိုးစိတ်တွေက ထွက်တဲ့ ထုတ်ကုန်တွေကို မဝယ်ပါနဲ့
- တောရိုင်းတိရိစ္ဆာန်လေးတွေကို အိမ်မှာ မမွေးပါနဲ့
- သူတို့ကို ကြည့်ရှုပါ။ သူတို့အကြောင်းကို လေ့လာပါ




## အမှိုက်တွေကို စနစ်တကျ စွန့်ပစ်ပါ



- တခါသုံး ပလတ်စတစ်ပစ္စည်းတွေကို လုံးဝ ရှောင်ကြဉ်ပါ
- အမှိုက်မပစ်ချပါနဲ့
- ကမ်းခြေသန့်ရှင်းရေးတွေမှာ ပါဝင်ဆောင်ရွက်ပါ
- ပလတ်စတစ်အသုံးပြုမှု လျှော့ချနေတဲ့ စီးပွားရေး လုပ်ငန်းတွေကို ပံ့ပိုးအားပေးပါ

## သဘာဝပတ်ဝန်းကျင်နဲ့ ထိတွေ့တဲ့ အခါ...

- သန္တာကျောက်တန်းတွေကို မထိခိုက်ပါစေနဲ့
- သန္တာကျောက်တန်းတွေ မစုဆောင်းပါနဲ့
- ရေကူး၊ ရေငုပ်တဲ့ အခါတွေမှာ အထူးဂရုပြုပါ
- အဏ္ဏဝါဂေဟစနစ်ရဲ့ အရေးပါပုံကို လေ့လာပြီး သင့်မိတ်ဆွေတွေကိုလည်း အသိပညာမျှဝေပေးပါ



## ဒေသခံတွေ၊ ဌာနေတိုင်းရင်းသား တွေနဲ့ ဆက်ဆံပြောဆိုတဲ့အခါ ...



- သွားမယ့် နေရာရဲ့ ဒေသခံလူ့အဖွဲ့ အစည်းတွေအကြောင်းကို လေ့လာပါ
- သူတို့ရဲ့ ယဉ်ကျေးမှုနဲ့ ဘဝနေထိုင်မှုပုံစံအပေါ် လေးလေးစားစားဆက်ဆံပါ



MYANMAR OCEAN PROJECT
HEINRICH BÖLL STIFTUNG
YANGON
Myanmar